



# မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်ထိန်းကျောင်းခြင်းစနစ်

ရီနု ဒက်ရှ်ပန်ဒီ

မူဝါဒရေးရာ ဆွေးနွေးချက် စာတမ်းငယ် အမှတ် (၂၁)

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်ထိန်းကျောင်းခြင်းစနစ်

ရီနု ဒက်ရှ်ပန်ဒီ

မူဝါဒရေးရာ ဆွေးနွေးချက် စာတမ်းငယ် နံပါတ် ၂၁

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်သည် မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်ထိန်းကျောင်းခြင်းစနစ် စက်တင်ဘာ ၂၀၁၇ ရီနု ဒက်ရှ်ပန်ဒီ ၏ မူရင်းသုတေသနစာစောင်အား အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။

မူရင်းသုတေသနစာစောင်ကို ဖော်ပြပါ ဝက်ဆိုက်ဒ်လင့်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ http://asiafoundation.org/

ရည်ညွှန်းကိုးကား
ရီနု ဒက်ရှ်ပန်ဒီ၊ စက်တင်ဘာ ၂၀၁၇၊ မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း ကို စောင့်ကြည့်စစ်ဆေးခြင်း နှင့် စိစစ်ထိန်းကျောင်းခြင်းစနစ်၊ အာရှဖောင်ဒေးရှင်း - ရန်ကုန်၊ မြန်မာ

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်နှင့် မူရင်းသုတေသနစာတမ်းကို အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနမှ ရန်ပုံငွေ ထောက်ပံ့ပေးထားပါသည်။

## မူဝါဒမှတ်စု

# အကျဉ်းချုပ်တင်ပြချက်

ပြီးခဲ့သော၅နှစ်အတွင်းမြန်မာနိုင်ငံတွင်ဒီမိုကရေစီအစိုးရစနစ်ကို ဦးတည်သော နိုင်ငံရေးပြောင်းလဲမှုနှင့် အစိုးရလွှမ်းမိုးသည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာမှု စသည်တို့ကို မြင်တွေ့ခဲ့ကြရပါသည်။ ဗဟိုဦးစီးစနစ်အား ပိုမိုကြီးမားစွာ လျှော့ချလာခြင်းကိုလည်း သက်သေမြင်ခဲ့ကြရပြီးဖြစ်သည်။ ပြည်ထောင်စုအစိုးရက အဖွဲ့အစည်းအသစ်များဖွဲ့စည်းခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် အလေ့အထအသစ်များကို ထူထောင်ခြင်းအားဖြင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုစနစ်ကို အားကောင်းခိုင်မာစေရန်နှင့် ဘဏ္ဍာရေးမြင်သာထင်သာရှိမှုကို တိုးတက်စေရန် ထင်ရှားသည့်ခြေလှမ်းများ စတင်ခဲ့ပြီးဖြစ်ပါသည်။ လွှတ်တော်က ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကို ဖွဲ့စည်းခြင်း၊ ဗဟိုဘဏ်ကို ကိုယ်ပိုင်ရပ်တည်ခွင့်ပြုခြင်းနှင့် ငွေတိုက်ဌာနကို အသစ်ဖွဲ့စည်းလိုက်ခြင်းတို့သည် လက်ရှိ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု စနစ်အား ပြုပြင်ပြီး ပြန်လည်ဖွဲ့စည်းလိုသော အစိုးရ၏ စိတ်ဆုံးဖြတ်ထားမှုများကို ပြသသည့် ကနဦးခြေလှမ်းအချို့ဖြစ်ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် နိုင်ငံသားဘတ်ဂျက်နှင့် ပြည်ထောင်စု အရအသုံးဥပဒေကို ထုတ်ပြန်ပေးထားလိုက်ခြင်းသည် အစိုးရအနေဖြင့် မိမိ၏ အရအသုံးငွေစာရင်း မြင်သာထင်သာရှိမှုကို တိုးတက်စေလိုသော ဆန္ဒရှိကြောင်း ထုတ်ဖော်ပြသလိုက်ခြင်းပင် ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အရအသုံးငွေစာရင်းကို ပြည်ထောင်စု အရအသုံးငွေစာရင်းမှ သီးခြားခွဲထုတ်ထားပြီးဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ၎င်းတို့ကိုယ်ပိုင် အရအသုံးငွေစာရင်းများကို ပြင်ဆင်ရေးဆွဲနိုင်စေရန် ပိုမိုကြီးမားသော လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ပေးအပ်ခဲ့ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် မိမိတို့လုပ်ငန်းများကို ရန်ပုံငွေလျာထားရန် ပြည်ထောင်စုမှ ဘဏ္ဍာရေးလွှဲပြောင်းပေးမှုများ (မျှဝေထားသည့် ရငွေနှင့် ထောက်ပံ့ငွေနှစ်ရပ်ပေါင်း) ကို များစွာမှီခိုနေရသည်ဆိုသည့်တိုင် အခွန်နှင့်အခ ၁၉ မျိုးကို ကောက်ခံရမည့်တာဝန် ရှိပါသေးသည်။ ထောက်ပံ့ငွေအစုအပေါင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် လျာထားမှုများတွက်ချက်ရာတွင် ညွှန်းကိန်းခြောက်ခုပါ ရိုးရှင်းသော တွက်ချက်နည်းကို အသုံးပြုထားသည့် နှစ်လတ်ဘဏ္ဍာရေးမူဘောင်ပေါ်၌ အခြေပြုထားပါသည်။ သို့သော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၌ အသုံးစရိတ် အတိုင်းအတာများနှင့် အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုမှ တိုက်ရိုက်စီမံခန့်ခွဲသော ဝန်ကြီးဌာနများ၏ ထိန်းချုပ်မှုအောက်တွင် ဆက်လက်ရောက်ရှိနေသဖြင့် ပြည်နယ်/တိုင်းဒေသကြီးများ၏ ပြည်သူ့အသုံးစရိတ်များ လျာထားပိုင်ခွင့်မှာ အကန့်အသတ်ရှိနေဆဲဖြစ်သည်။

အစိုးရ၏အဓိကမူဝါဒအထောက်အထားဖြစ်သော ရသုံးခန့်မှန်းခြေငွေစာရင်းသည် တိုင်းပြည် စီးပွားရေးလည်ပတ်မှုနှင့် စီမံခန့်ခွဲမှုအပေါ် သက်ရောက်မှုရှိစေသည့် ပင်မနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ရသုံးခန့်မှန်းခြေငွေစာရင်းသည် အစိုးရ၏ နှစ်စဉ်နှင့် နှစ်များစွာပါဝင်သော ရည်မှန်းချက်များ ဦးစားပေးသတ်မှတ်ပုံနှင့် အရင်းအမြစ်ရရှိစေသည့် နည်းနှင့် လိုချင်သည့်ရလဒ်များ အောင်မြင်ရရှိစေရန် အရင်းမြစ်များ လျာထားပုံများကို ဖော်ပြရပါသည်။

မြန်မာနိုင်ငံ၏ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှုမှာ ယခင်က အလေ့အထများက ထိန်းကျောင်းပေးသည့် အထက်မှအောက်သို့ မောင်းနှင်သော၊ အသေးစိတ်ဖော်ပြသော ပုံစံဖြစ်သည်။ ဖြစ်စဉ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက စက်တင်ဘာလတွင် ထုတ်ပြန်သော ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲမှု ညွှန်ကြားချက်ဖြန့်ဝေစာဖြင့် စတင်ပါသည်။ ပြီးခဲ့သည့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက်မူ ၎င်းဖြန့်ဝေစာကို နိုဝင်ဘာလနှောင်းပိုင်းမှသာ ဖြန့်ဝေနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အရအသုံးငွေစာရင်းဖြစ်စဉ်မှာ အရင်းအမြစ်များ ထိရောက်စွာသုံးစွဲစေသည့် ပိုမိုကျယ်ပြန့်သော တာဝန်ခံယူမှုထက် ဘတ်ဂျက်သုံးစွဲမှု အချိန်လွန်ခြင်းများကို ရှောင်ရှားခြင်းနှင့် လွှဲပြောင်းမှုများကို ထိန်းချုပ်သည့်ဖြစ်စဉ်အပေါ် အားပြုထားသည့် ထိန်းချုပ်မှုအပေါ်တွင် စူးစိုက်ထားပါသည်။ ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်အကြား ထပ်မံခွဲခြားခြင်းနှင့် မလုံလောက်သော ဘတ်ဂျက်အမျိုးအစား ခွဲခြားမှုစနစ်များက တစ်ဖက်တွင် စီမံကိန်းများနှင့် ဘတ်ဂျက်တို့အကြား ရှင်းလင်းစွာချိတ်ဆက်မှုကို ဆုံးရှုံးစေပြီး အခြားတစ်ဖက်တွင် (ဘတ်ဂျက်သုံးစွဲ အကောင်ထည်ဖော်လိုက်သည့် ယင်းစီမံကိန်းများ၏) မျှော်မှန်းရလဒ်များနှင့် အောင်မြင်မှု ရှိ၊ မရှိ ဆန်းစစ်ချက်များအား ရှင်းလင်းစွာ ဖော်ပြခြင်းများကို တားဆီးထားပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကန့်သတ်ထားပြီးသော ပြန်လည်အကြံပေးချက်များကို လက်ခံရရှိပါသည်။ အကဲဖြတ်အစီရင်ခံစာများ ရှိခဲ့လျှင်ပင် ထိုအစီရင်ခံချက်များအား ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြင်ဆင်ရေးဆွဲခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းတစ်ခုလုံး၌ ထည့်သွင်းစဉ်းစားကြောင်း အထောက်အထားမတွေ့ရှိရချေ။ အစိုးရသည် စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို ဌာနတွင်းစံများနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သုံးသပ်ချက် သို့မဟုတ် ဌာနများကိုယ်တိုင်၏ သုံးသပ်ချက်ထက် ပို၍အားထားရပါသည်။စာရင်းစစ်ချုပ်ရုံး၏ အကန့်အသတ်ရှိသော စည်းမျဉ်းနာခံမှု စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးစာရင်းစစ် အစီရင်ခံစာများက စည်းမျဉ်းနာခံမှုဆိုင်ရာ အနိမ့်ဆုံးလိုအပ်ချက်နှင့် ပတ်သတ်သော ပြန်လည်အကြံပေးမှုအချို့ကိုသာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ထောက်ပံ့ပေးပါသည်။ စာရင်းစစ်ခြင်း၏ ဦးတည်ထားချက်မှာ စနစ်နှင့် ဖြစ်စဉ်ကို စစ်ဆေးခြင်းထက် လွှဲပြောင်းမှုများကိုသာဖြစ်ပါသည်။ ဌာနတွင်း စာရင်းစစ်စနစ်တစ်ခုကို မကြာသေးမီကမှ ဖွဲ့စည်း ထူထောင်ခဲ့ပြီး

ဌာနတွင်းစာရင်းစစ်များကိုလည်း အကျဉ်းမျှ လေ့ကျင့်သင်ကြားပေးထားသည့် အခြေအနေတွင်သာ ရှိပါသည်။ ယခုအချိန်ထိဆိုရလျှင် ဌာနတွင်းစာရင်းစစ်၏ အခန်းကဏ္ဍမှာ ဆိုင်ရာ အချက်အလက်များ တင်ပြပြီးနှင့် မတင်ပြခင် အခြေအနေရှိ အသုံးစရိတ်အားလုံးကို ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်အောက် စာရင်းရေးသွင်းထားခြင်း ရှိ၊ မရှိနှင့် လွှဲပြောင်းမှုအားလုံးကို မှတ်တမ်းတင်ထားခြင်း ရှိ၊ မရှိကိုသာ မှန်ကန်ကြောင်း အတည်ပြုရန်အတွက် ယင်းလွှဲပြောင်းမှုများကိုစစ်ဆေးခြင်း၌သာ ဆက်လက်ကန့်သတ်ခံထားရပါသည်။ ဌာနတွင်း စာရင်းစစ်လက်စွဲတစ်ရပ်ကို မိတ်ဖက်များ၏ ပံ့ပိုးမှုဖြင့် ရေးဆွဲထားပြီးသော်လည်း အစိုးရက လက်ခံသုံးစွဲခြင်း မရှိသေးချေ။ ငွေကြေးသုံးစွဲသည့် အဖွဲ့အစည်းများရှိ သန္ဓေတည်စ (ဖွဲ့စည်းခါစ) ဌာနတွင်း စာရင်းစစ်များက ဝန်ကြီးဌာနအကြီးတန်းစီမံခန့်ခွဲသူများထံ ဘဏ္ဍာရေးစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာ စီမံခန့်ခွဲနေကြကြောင်း၊ စည်းမျဉ်းများနှင့် ထိန်းချုပ်မှုများကို သိရှိလိုက်နာကြသဖြင့် အစိုးရငွေကြေးများကို ထိထိရောက်ရောက်နှင့် အကျိုးရှိရှိ သုံးစွဲနေကြောင်း လုံလောက်သည့် အာမခံမှုကို မပေးကြချေ။

လွှတ်တော်သည် ရသုံးခန့်မှန်းခြေငွေစာရင်း ဆုံးဖြတ်ချက်များကို ခွင့်ပြုပေးခြင်းနှင့် အစိုးရအား တာဝန်ခံစေရန် အခြေခံကျသော အခန်းကဏ္ဍတစ်ရပ် ရရှိထားပါသည်။ ဥပဒေပြုအမတ်များနှင့် ၎င်းတို့၏ မဲဆန္ဒရှင်များသည် ရသုံးခန့်မှန်းခြေငွေစာရင်း မူဝါဒ၏ အမျိုးသားအဆင့်ဆွေးနွေးရာ၌ ကောင်းစွာသတင်းပေးခံရသော ပါဝင်သူများဖြစ်သင့်ပြီးထိုသို့ဖြစ်ရန်မှာ ရသုံးခန့်မှန်းခြေငွေစာရင်း မှတ်တမ်းမှတ်ရာ အထောက်အထားများနှင့် ဒေတာအချက်အလက်များကိုလက်လှမ်းမီရယူနိုင်ရန်မဖြစ်မနေလိုအပ်ပါသည်။ ယေဘုယျအားဖြင့် လွှတ်တော်သည် ထိုအခန်းကဏ္ဍကို ကောင်းစွာထမ်းဆောင်နိုင်ပုံပေါ်ပြီး အစိုးရကလည်း လိုအပ်သော မှတ်တမ်းမှတ်ရာများနှင့် အစီရင်ခံစာများကို ပံ့ပိုးပေးပါသည်။ အချို့လွှတ်တော်အမတ်များက ၎င်းတို့၏ မဲဆန္ဒရှင်များအား အရအသုံးငွေစာရင်း အဆိုပြုများနှင့် ရန်ပုံငွေလွှဲပြောင်းမှုများ အကြောင်း သတင်းပေးရန် လူမှုမီဒီယာများအား အသုံးပြုကြပါသည်။ အသစ်ဖွဲ့စည်းထားသော ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ (ဂျေပီအေစီ) က ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် အရအသုံးငွေစာရင်းကို တက်ကြွစွာသုံးသပ်ထားပြီး ဖြတ်တောက်မှုအချို့ ပြုလုပ်ရန်လည်း အကြံပြုထားပါသည်။ အစိုးရအား တာဝန်ခံစေမည့် တစ်ခုတည်းသော တရားဝင်ယန္တရားမှာ စာရင်းစစ် အစီရင်ခံစာများကို လွှတ်တော်အတွင်း ဆွေးနွေးခြင်း ဖြစ်သည်။ ယခင်ကလည်း ထိုစာရင်းစစ် အစီရင်ခံစာများကို ဂျေပီအေစီ နှင့် လွှတ်တော်က တက်ကြွစွာ ဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်အစီရင်ခံစာကိုမူ လွှတ်တော်သို့ တင်သွင်းခြင်း မရှိသေးသည့်အပြင် ထိုအစီရင်ခံစာအား မည်သို့ တက်ကြွစွာ သုံးသပ်ကြမည်ဆိုသည်ကို လက်ရှိ လွှတ်တော်အမတ်အများစုမှာ ဖြစ်စဉ်နှင့် မရင်းနှီးသေးသည့် အမတ်သစ်များဖြစ်ကြသဖြင့် ဆက်လက် ကြည့်ရှုရဦးမည်ဖြစ်သည်။

မလုံလောက်သော သတင်းအချက်အလက်များက အစိုးရသည် ပြည်သူ့ကိုယ်စား အရင်းအမြစ်များကို မည်သို့သုံးစွဲနေသနည်း ဆိုသော ပြည်သူများ၏ ဆွေးနွေးချက်များကို အဟန့်အတားဖြစ်စေပါသည်။ အစိုးရ၏ လူမှုစီးပွား ပြုပြင်ပြောင်းလဲရေး မူဘောင်နှင့် ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု နေပြည်တော် သဘောတူညီချက်တွင် အားလုံးအကျုံးဝင်မူဝါဒ နှစ်ဖက်အပြန်အလှန်ဆွေးနွေးပြောဆိုမှု၊ နိုင်ငံရေးဖြစ်စဉ်တွင် အကျုံးဝင်စေခြင်းနှင့် တာဝန်ခံယူမှု တိုးမြှင့်စေမည့် အဆင့်များမှနေ၍ နိုင်ငံသူ/သားများ ပူးပေါင်းပါဝင်စေရမည်ဟု ဆိုသည်။ ဤအချက်က နိုင်ငံသားများသည် ကောင်းစွာသတင်းပေးခံရပြီး သိမြင်ကြသည်ဟု အဓိပ္ပါယ်သက်ရောက်သော်လည်း အမှန်တကယ်တွင်မူ ပြည်သူလူထုအများစုမှာ မသိရှိကြသေးဘဲ အရအသုံးငွေစာရင်းဖြစ်စဉ်တွင် ပြည်သူများ၏ ပူးပေါင်းပါဝင်နိုင်ရန်မှာ အခွင့်အလမ်း အနည်းငယ်သာ ရှိပါသည်။ အရအသုံးငွေစာရင်းဥပဒေက ဗဟိုအစိုးရ၏ အခွန်ရငွေများ၊ အသုံးစရိတ်များနှင့် ငွေကြေးလျာထားခြင်းများ အကြောင်းကို အကန့်အသတ်ဖြင့်သာ ဖော်ပြထားနိုင်ပြီး အရအသုံးငွေစာရင်း ဘက်စုံဖြစ်မှုနှင့် ထင်သာမြင်သာရှိမှုကို အားနည်းစေသည့် ထင်ထင်ရှားရှား အစီရင်ခံမထားသော အစိုးရလုပ်ငန်းဆောင်ရွက်မှုများ ရှိပါသည်။

နိုင်ငံသားဘတ်ဂျက် ၂၀၁၆-၁၇ သို့မဟုတ် လူထု၏ ဘတ်ဂျတ်သည် နိုင်ငံသားများထံ အခြေခံ သတင်းအချက်အလက်တချို့အား ပံ့ပိုးပေးရန် အသိမှတ်ပြုဖွယ် အားထုတ်မှုတစ်ရပ်ဖြစ်ပြီး ဘတ်ဂျက်သိနားလည်မှုကို တိုးတက်စေရန်နှင့် ပိုမိုသိရှိလာကြစေရန် ပထမခြေလှမ်းဖြစ်ပါသည်။ အဓိပ္ပါယ်ပြည့်ဝသော သတင်းအချက်အလက်များကို လက်လှမ်းမီရယူခြင်းသည် အစိုးရ၏ အရအသုံးငွေစာရင်းကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တန်ဖိုးအကဲဖြတ်ရာ၌ ပြည်သူပါဝင်စေမှုကို အောင်မြင်စေသည့် အဓိကအဆုံးအဖြတ်ဖြစ်ပါသည်။ အစိုးရ၊ အရပ်ဖက် လူမှုအသိုက်အဝန်း၊ မီဒီယာနှင့် ပြည်သူအားလုံးတို့တွင် တာဝန်ကိုယ်စီ ဆောင်ရွက်ရမည့် အခန်းကဏ္ဍကိုယ်စီ ရှိကြပါသည်။

## မူဝါဒရွေးချယ်စရာများ

## ပြည်သူ့ဘဏ္ဍာများ ထင်သာမြင်သာမှုကို တိုးမြှင့်စေခြင်း

***ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုကို တိုးတက်စေရန် လုပ်ဆောင်ပါ။***
မကြာသေးမီနှစ်များအတွင်းက မြန်မာနိုင်ငံအစိုးရနှင့် အခြားပါဝင်ပတ်သက်သူများသည် ဘဏ္ဍာရေးပွင့်လင်းမြင်သာမှု တိုးတက်စေမည့် အသိမှတ်ပြုလောက်သော အဆင့်များ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ တိုးတက်လာသည့် မီဒီယာအစီရင်ခံခြင်း၊ လွှတ်တော်အတွင်း အပြန်အလှန်ပြောဆိုမှုများကို ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်ခြင်း၊ တတိယအစုအဖွဲ့များက အရအသုံးကို ဆန်းစစ်ခြင်း၊ အရအသုံးဆိုင်ရာ ဗဟုသုတများ တိုးတက်စေရန် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ စဦးလုပ်ဆောင်မှုများနှင့် ပြည်သူများ အပြန်အလှန်ပြောဆိုနိုင်ရန် နည်းလမ်းများ ပံ့ပိုးပေး

ခြင်းတို့သည် ပါဝင်ပတ်သက်သူများ စဦးလုပ်ဆောင်မှု၏ အသီးအပွင့်အချို့ဖြစ်ပါသည်။ ပြဋ္ဌာန်းလိုက်သော ရသုံးခန့်မှန်းခြေငွေစာရင်းဥပဒေနှင့် ပြည်ထောင်စုအဆင့် နိုင်ငံသားဘတ်ဂျက်များသည် ယခုအခါ အများပြည်သူလက်လှမ်းမီနိုင်သော နေရာများတွင် ရရှိစေရန် လုပ်ဆောင်ထားပြီးဖြစ်ပါသည်။

ဘဏ္ဍာရေးထင်သာမြင်သာဖြစ်မှုကို ကြွေးမြီတာဝန်များဆိုင်ရာ အချက်အလက်များပါအပါအဝင် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ ဘက်စုံအထောက်အထားများ၊ အမြင့်ဆုံး စာရင်းစစ်အဖွဲ့အစည်း (အက်စ်အေအိုင်) ၏ အစီရင်ခံစာများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စာရင်းစစ်ထားပြီးသော ငွေစာရင်းများအစရှိသည်တို့ကို အများပြည်သူလက်လှမ်းမီစေရန် ဆောင်ရွက်ခြင်းဖြင့် ထပ်မံတိုးတက်စေနိုင်ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ထုတ်ပြန်ပြီးသော ရသုံးခန့်မှန်းခြေငွေစာရင်းမှတ်တမ်းမှတ်ရာများဖြစ်သည့် ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက်၊ အစိုးရအဖွဲ့မှတင်ပြသည့် အဆိုပြုလွှာ၊ နှစ်အတွင်းအစီရင်ခံစာနှင့် နှစ်ပတ်လည် အစီရင်ခံစာများကို သာမန် နိုင်ငံသူ/သားများနားလည်လွယ်သည့်ပုံစံဖြင့် အများသိအောင် ပြုလုပ်ပေးရန် စဉ်းစားသင့်ပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဘဏ္ဍာရေး ထင်သာမြင်သာရှိမှုကိုတိုးတက်စေသည်သာမက ဘဏ္ဍာရေးစည်းမျဉ်းကိုလည်း သေချာမှုရှိစေပါသည်။

## ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးများ ဆက်လက် လုပ်ဆောင်ခြင်း

### *ရသုံးခန့်မှန်းခြေငွေစာရင်း အမျိုးအစား ခွဲခြားမှုစနစ်ကို အားကောင်း ခိုင်မာစေပါ။*

ဘတ်ဂျက်အမျိုးအစားခွဲခြားခြင်းသည် အရ/အသုံးငွေစာရင်းများ မှတ်တမ်းတင်ပုံ၊ တင်ပြပုံနှင့် အစီရင်ခံပုံများကို ဆုံးဖြတ်ပေးပြီး ရသုံးခန့်မှန်းခြေငွေစာရင်း၏ ထင်သာမြင်သာမှုနှင့် အဆက်အစပ်[၁] အပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုလည်း ရှိစေသဖြင့် ကောင်းမွန်ပြည့်စုံသော ရသုံးခန့်မှန်းခြေငွေစာရင်း စီမံခန့်ခွဲမှုစနစ်တစ်ရပ်၏ အခြေခံတည်ဆောက်မှု အစိတ်အပိုင်းများမှ တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ဘတ်ဂျက်အမျိုးအစားခွဲစနစ်မှာ အသုံးစရိတ်များကို ပရိုဂရမ်များဖြင့် ချိတ်ဆက်ရန် လုံလောက်သောမူဘောင်တစ်ခု ပံ့ပိုးပေးထားခြင်း မရှိချေ။ ဤသည်က အရင်းအမြစ်များကို ထိရောက်စွာလျာထားမှုကို အဟန့်အတားဖြစ်စေပြီး တာဝန်ခံယူမှုကို သေချာစေသည့် စွမ်းဆောင်ရည်တန်ဖိုး အကဲဖြတ်မှုကို အလွယ်တကူ မလုပ်ဆောင်စေနိုင်တော့ပေ။ ဥပဒေပြုအမတ်များနှင့် ပြည်သူကိုလည်း အဓိပ္ပါယ်ပြည့်ဝသော ဘတ်ဂျက်ဆွေးနွေးမှု မလုပ်ဆောင်နိုင်အောင် ဟန့်တားထားနိုင်ပါသေးသည်။ အစိုးရအနေဖြင့် ရသုံးခန့်မှန်းခြေငွေစာရင်းအမျိုးအစားခွဲစနစ်ကို နိုင်ငံတကာအလေ့ထကောင်းများနှင့်အညီ တိုးတက်ပြုပြင်ရန် စဉ်းစားသင့်ပါသည်။

### *ဘက်စုံဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်း ဝယ်ယူမှု လမ်းညွှန်များကို ရေးဆွဲပြဋ္ဌာန်းပါ။*

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးစည်းမျဉ်းအတွက် ကျယ်ပြန့်သောမူဘောင်တစ်ခုနှင့် ၅၊ မေ၊ ၂၀၁၇ နေ့စွဲဖြင့် ထုတ်ဝေသော ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားသည့် တင်ဒါစည်းမျဉ်းများကို နိုင်ငံတော်သမ္မတရုံး အမိန့်ညွှန်ကြားချက် ၁/၂၀၁၇ ဖြင့် ချမှတ်ပေးထားသော်လည်း ပြည်သူ့ပစ္စည်း ဝယ်ယူတင်သွင်းမှု သုံးသပ်ချက်နှင့် အတည်ပြုချက်များအတွက် အကန့်အသတ်ရှိသော လမ်းညွှန်များသာ ပါဝင်သည်ကို တွေ့ရပါသည်။ ဝန်ကြီးဌာနတစ်ခုစီက ကိုယ်ပိုင်ပစ္စည်း ဝယ်ယူတင်သွင်းမှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းများ ချမှတ်ထားပြီးဖြစ်ပါသည်။ ဤမတူညီသည့် စည်းမျဉ်းများက လုပ်ငန်းကို တိုက်ရိုက်အကောင်ထည်ဖော်သည့် ဌာနများအား ရှင်းလင်းတင်ပြခြင်းနှင့် အတည်ပြုချက်များရယူပြီးမှ လုပ်ဆောင်ရန် မကြာခဏတွန်းအားပေးခံရစေပါသည်။ ယင်းက စီမံချက်များ အကောင်ထည်ဖော်မှုကို နှောင့်နှေးစေပြီး အကျိုးမဖြစ်ထွန်းသည့် ဘတ်ဂျက်စီမံခန့်ခွဲမှု ဖြစ်ပေါ်လာစေပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် လုပ်ငန်းအကောင်ထည်ဖော်သည့် အဆင့်တွင် ပိုမိုရှင်းလင်းထိရောက်လာစေရန် တပြေးညီဖြစ်ပြီး ဘက်စုံထည့်သွင်းစဉ်းစားထားသော ဘဏ္ဍာရေးနှင့် ပစ္စည်း ဝယ်ယူတင်သွင်းမှု လမ်းညွှန်များ ရေးဆွဲပေးခြင်းအားဖြင့် မိမိဝန်ကြီးဌာန၏ ကိုယ်ပိုင်နယ်ပယ်တစ်ရပ်အဖြစ် ပိုမိုချဲ့ထွင်သင့်ပါသည်။

ထို့အပြင် တပြေးညီဖြစ်မှုအတွက် တိုင်းပြည်တွင် မည်သည့် ဗဟိုပစ္စည်းဝယ်ယူတင်သွင်းမှု အာဏာပိုင်အဖွဲ့ သို့မဟုတ် ဥပဒေတစ်ရပ်ရပ် မရှိနေသောကြောင့် အစိုးရက ဌာနတွင်းအတည်ပြုမှုလိုအပ်ချက်များနှင့် ရှင်းလင်းသည့် လုပ်ပိုင်ခွင့်များပါဝင်သော ဘက်စုံ ဘဏ္ဍာရေးထိန်းချုပ်စည်းမျဉ်းများနှင့် ပစ္စည်းဝယ်ယူတင်သွင်းမှုလမ်းညွှန်များကို ရေးဆွဲ အကောင်ထည်ဖော်သင့်ပါသည်။ ကန်ထရိုက်များနှင့် ငွေပေးချေမှုများအတွက် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထူထောင်ပြီး ပြည်သူ့အဖွဲ့အစည်းများ (အစိုးရအဖွဲ့အစည်းများ) အတွက် ပစ္စည်းဝယ်ယူတင်သွင်းမှု ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းသင့်ပါသည်။ ပြည်သူ့ပစ္စည်း ဝယ်ယူတင်သွင်းမှုစနစ်၏ ထင်သာမြင်သာဖြစ်မှုနှင့် တာဝန်ခံယူမှုကို တိုးတက်စေရန် ဤသည်တို့နှင့် ပတ်သက်သော အခြေခံ သတင်းအချက်အလက်များကိုလည်း ပြည်သူအများသိအောင် လုပ်ဆောင်ပေးသင့်ပါသည်။

---

[၁] ဒေဗီယန် ဂျေကောဘ့်စ်၊ယွန်-လုခ် ဟီလစ် နှင့် ဒိုမီနစ် ဘူလယ် (အိုင်အမ်အက်ဖ်၊ ၂၀၀၉) https://www.imf.org/external/pubs/ft/tnm/2009/tnm0906.pdf

***ဌာနတွင်း စောင့်ကြည့်စစ်ဆေးမှုနှင့် တန်ဖိုးအကဲဖြတ်မှု လုပ်ထုံးလုပ်နည်းများကို အားကောင်းခိုင်မာစေရန် လုပ်ဆောင်ပါ။***

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ရသုံးခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ရေးဆွဲခြင်းနှင့် သုံးစွဲအကောင်ထည်ဖော်ခြင်းဆိုင်ရာတို့နှင့် ပတ်သက်ပြီး အကန့်အသတ်ရှိသော ပြန်လည်အကြံပြုမှုများကို လက်ခံရရှိပါသည်။ လက်ရှိစနစ်မှာ တာဝန်ခံယူမှုထက် ထိန်းချုပ်မှုအပေါ် ပိုမိုစူးစိုက်ထားပြီး ဘတ်ဂျက်စောင့်ကြည့်စစ်ဆေးခြင်း၏ ဦးတည်ချက်မှာလည်း လုပ်ငန်းစီမံချက် သို့မဟုတ် ပရိုဂရမ်တစ်ခု၏ ထိရောက်မှု၊ အကျိုးဖြစ်ထွန်းမှုနှင့် စွမ်းဆောင်ရည်တို့ထက် ဘတ်ဂျက်ပိုမိုသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန် ဖြစ်ပါသည်။ စာရင်းစစ်ချုပ်ရုံး၏ အကန့်အသတ်ရှိသော စည်းမျဉ်းနာခံမှုစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာများက စည်းမျဉ်းနာခံမှုဆိုင်ရာ အနိမ့်ဆုံးလိုအပ်ချက်ကို စောင့်ကြည့်လေ့လာမှုများအကြောင်း ပြန်လည်အကြံပေးချက်အချို့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပံ့ပိုးပါသည်။ ထိုစာရင်းစစ်ခြင်း၏ ဦးတည်မှုမှာလည်း စနစ်နှင့် ဖြစ်စဉ်များထက် လွှဲပြောင်းမှုများအပေါ် တွင်သာဖြစ်သည်။ ငွေကြေးသုံးစွဲနေသော ဌာနများတွင် ဌာနတွင်းစာရင်းစစ်များကို ထည့်သွင်းဖွဲ့စည်းပေးထားပြီးဖြစ်သော်လည်း ကနဦးအခြေအနေတွင်သာ ရှိနေသေးသောကြောင့် ဘဏ္ဍာရေးစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာစီမံထားကြောင်း၊ စည်းမျဉ်းများ၊ နည်းဥပဒေများကို ကောင်းစွာသိရှိပြီး လိုက်နာကျင့်သုံးနေကြသဖြင့် အစိုးရငွေကြေးများမှာ ထိရောက်စွာနှင့် အကျိုးဖြစ်ထွန်းစွာ သုံးစွဲနေကြသည်မှာ သေချာကြောင်း ဝန်ကြီးဌာနများရှိ အကြီးတန်းစီမံခန့်ခွဲသူများထံ အာမခံချက် လုံလောက်စွာ မပေးနိုင်ကြချေ။

စွမ်းဆောင်ရည်တန်ဖိုးအကဲဖြတ်ခြင်းနှင့် သုံးစွဲမည့်ငွေကြေးနှင့် ထိုက်တန်သော တန်ဖိုးတို့သည် ရသုံးခန့်မှန်းခြေငွေစာရင်း ဖြစ်စဉ်၏ တစ်သားတည်းအစိတ်အပိုင်းများ ဖြစ်လာရပါမည်။ ဖြည့်စွက်ဘဏ္ဍာငွေများအသုံးပြုမှု၊ ရန်ပုံငွေပြန်လည်လွှဲပြောင်းပေးမှုများ၊ စုဆောင်းငွေများနှင့် ကုန်အောင်မသုံးနိုင်ခြင်းတို့က လက်တွေ့မကျသော ရသုံးခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ရေးဆွဲမှုဖြစ်စဉ်သည် ငွေကြေးသုံးစွဲသည့် အဖွဲ့အစည်းများ (ဌာနများ) ၏ လိုအပ်ချက်များကို ထင်ဟပ်မှုမရှိဘဲဖြစ်နေပြီး လိုအပ်ချက်နှင့် လျာထားချက်များအကြား အဆက်အစပ်ပြတ်နေခြင်းကို ထင်ဟပ်နေပါသည်။ ဘတ်ဂျက်အပေါ် ယုံကြည်မှုရှိစေရန် အစိုးရအနေဖြင့် အသစ်ချမှတ်လိုက်သော အရေးကြီးသည့် မူဝါဒအားလုံးသည် အမျိုးသားအဆင့် ဦးစားပေးမူဝါဒများဖြင့် ထပ်တူညီမှု ရှိ၊ မရှိ၊ ရည်မှန်းချက်များ၏ ကြည်လင်မြင်သာမှု၊ မျှော်လင့်ကုန်ကျစရိတ်နှင့် အကျိုးတရားတို့ကို ဆန်းစစ်ရန်အတွက် တင်ကြို တန်ဖိုးအကဲဖြတ်ခြင်း စသည်တို့ကို ပွင့်လင်းစွာနှင့် အချိန်မှန်မှန် ဆောင်ရွက်သင့်ပါသည်။

အသုံးစရိတ်အစီအစဉ် (ဆက်စပ်ဝန်ထမ်းခန့်ထားခြင်း နှင့် အခွန်အသုံးစရိတ်များအပါအဝင်) ကို ဘက်စုံတန်ဖိုး အကဲဖြတ်သင့်ပြီး တိုက်ရိုက် စီမံခန့်ခွဲအကောင်ထည်ဖော်နေသည့် ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့တစ်ရပ်လုံးအကြား အရင်းအမြစ်များ လျာထားခြင်းကို အချက်အလက်ပေးနိုင်ရန် နှင့် ဦးစားပေးသတ်မှတ်နိုင်ရန် အချိန်မှန်မှန်နှင့် ဓမ္မဒိဌာန်ကျကျ ပြန်လည်သုံးသပ်သင့်ပါသည်။ ယင်းအစီအစဉ်တို့သည် စွမ်းဆောင်ရည်ရှိနေကြပြီး ရလဒ်များရရှိအောင်မြင်နေကြောင်း သေချာစေရန် အစိုးရက စီမံကိန်းများစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနအား သက်သေ-အခြေပြု-စွမ်းဆောင်ရည်တန်ဖိုးအကဲဖြတ်မှုများ ဆောင်ရွက်နိုင်အောင် ဌာန၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသင့်ပါသည်။ အစိုးရအစီအစဉ်များနှင့် စီမံချက်များအပေါ် တက္ကသိုလ်များစသည့် ကိုယ်ပိုင်လုပ်ပိုင်ခွင့်ရ အင်စတီကျူးရှင်းများစသည့် တတိယအစုအဖွဲ့၏ တန်ဖိုးအကဲဖြတ်ခြင်းကို ခွင့်ပြုပေးရန် အစိုးရမှ ထည့်သွင်းစဉ်းစားသင့်ပါသည်။

အစိုးရက အသုံးစရိတ်များ(အခွန်အသုံးစရိတ်များအပါအဝင်) ၏ ယေဘုယျအခြေအနေကို သတ်မှတ်အချိန်များ၌ အချက်အလက်များကို အလုံအလောက်ယူနိုင်စေမည့်၊ ထိုအသုံးစရိတ်များကို အမျိုးသားအဆင့် ဦးစားပေးများနှင့် ဘဏ္ဍာရေးရည်မှန်းချက်တို့ဖြင့် ကိုက်ညီမှုကို ပြန်လည်ဆန်းစစ်နိုင်စေမည့်၊ ဘတ်ဂျက်သုံးစွဲမှုအဆင့်တွင် တန်ဖိုးအကဲဖြတ်မှုများကို ထည့်သွင်းစဉ်းစားနိုင်စေမည့် ဌာနတွင်း လုပ်ထုံးလုပ်နည်းများသည် အစိုးရက ဘတ်ဂျက်ကို ရေရှည်ခံသည့် ဖွံ့ဖြိုးမှုရရှိရန် နိုင်ငံ့အရင်းအမြစ်များကို လျာထားစေနိုင်မည့် နည်းလမ်းတစ်ရပ်အဖြစ် သုံးစွဲနိုင်စေမည် ဖြစ်သည်။ ထိုသို့ဖြစ်စေရန်မှာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ စီမံအုပ်ချုပ်မှုနှင့် ဌာနတွင်းထိန်းချုပ်မှုများသည် အလုပ်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ၎င်းတို့၏ ရည်မှန်းချက်ကို အောင်မြင်ရရှိနေကြကြောင်း အာဏာပိုင်တို့အား သေချာစေရန် လုံးဝအမှီအခိုကင်းသည့် ဌာနတွင်းစာရင်းစစ်အဖွဲ့တစ်ဖွဲ့ကို လေ့ကျင့်ပေးထားသည့် ဝန်ထမ်းများ၊ လုံလောက်သည့် အရင်းအမြစ်များနှင့် ရှင်းလင်းသောလုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်စာချုပ် (ချာတာ) တို့ဖြင့် ဖွဲ့စည်းပေးသင့်ပါသည်။

## ရင်းနှီးမြှုပ်နှံမှု စီမံချက်များကို ထင်သာမြင်သာပြီး ကျိုးကြောင်းဆီလျော်သည့် ဦးစားပေးသတ်မှတ်ခြင်းမျိုး ဖြစ်ထွန်းစေခြင်း

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ တိုက်ရိုက်စီမံခန့်ခွဲသည့်ဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအတွက် ၎င်းတို့၏ ငွေလုံးငွေရင်း ရသုံးခန့်မှန်းခြေငွေစာရင်းတွင် စီမံချက်များဦးစားပေးသတ်မှတ်နိုင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ဖော်သင့်ပါသည်။ သို့မှသာ ထင်သာမြင်သာရှိပြီး ကျိုးကြောင်းဆီလျော်သည့် ဖြစ်စဉ်တစ်ရပ်ကို အားပေးနိုင်သည့်အပြင် စီမံချက်များအား အဆိုပြုတင်သွင်းသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အခြေအနေပေါ် မူတည်ပြီး စီမံချက်များကိုရွေးချယ်နေရခြင်းမှ တားဆီးနိုင်ပါမည်။ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရေးဦးစီးဌာနသည်လည်းဘတ်ဂျက်အဆိုပြုများကို အကဲဖြတ်ရာတွင် အသုံးပြုရမည့် ထင်သာမြင်သာရှိသော

အလားတူ စံချိန်စံညွှန်းနှင့် လမ်းညွှန် အနည်းဆုံးတစ်စုံကို[၂] ရေးဆွဲထားရှိသင့်ပါသည်။

## ထိရောက်သော စိစစ်ထိန်းကျောင်းမှုစနစ်ကို သေချာစေခြင်း။

***စာရင်းစစ်ချုပ်ရုံး၏ စိစစ်ထိန်းကျောင်းမှုကို တိုးတက်စေပြီး ၎င်းရုံး၏ အမှီခိုကင်းမှုကို ခိုင်မာစေရမည်။***

သက်တမ်းလုံခြုံစိတ်ချရမှုကို ပံ့ပိုးပါ။ အခြေခံဥပဒေပုဒ်မ ၂၄၅ အရ၊ စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်၏ ရာထူးသက်တမ်းများသည် သမ္မတ၏ သက်တမ်းအတိုင်းဖြစ်သည်။ လက်ရှိ ဥပဒေများက သမ္မတအား မိမိတို့တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ခြင်းမရှိသည့် စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်များကို ရာထူးတာဝန်မှ နုတ်ထွက်စေရန် ခွင့်ပြုပေးထားပါသည်။[၃] ၎င်းအရာထမ်းများအား မိမိတို့တာဝန်များအတိုင်း ဘက်လိုက်မှုမရှိဘဲ အားသွန်ခွန်စိုက် ထမ်းဆောင်နိုင်စေရန် ပိုမိုကောင်းမွန်သော လုပ်ပိုင်ခွင့်ပေးအပ်ရမည်ဖြစ်ကာ ကျင့်သုံးဆဲနိုင်ငံတကာစံနှုန်းများနှင့်အညီ ၎င်းတို့၏ ရာထူးသက်တမ်းလုံခြုံမှုနှင့် ရာထူးမှအဖယ်ရှားခံရခြင်းမျိုးမှ ကာကွယ်ပေးသင့်ပါသည်။[၄]

စာရင်းစစ်ချုပ်ရုံး၏ ဘတ်ဂျက်အပေါ် အစိုးရ၏ထိန်းချုပ်မှုကို လျှော့ချပေးခြင်းကလည်း ထိုရုံး၏ အမှီခိုကင်းမှုကို တိုးမြင့်စေပါသည်။ လက်ရှိဘတ်ဂျက်ဖြစ်စဉ်က စာရင်းစစ်ချုပ်ရုံးကို အခြားအစိုးရဌာနများကဲ့သို့ပင် လုပ်ကိုင်ရစေပါသည်။ သို့သော် နိုင်ငံတကာ အလေ့အထကောင်းများအရမူ အမြင့်ဆုံး စာရင်းစစ်အဖွဲ့အစည်းတစ်ရပ်ဖြစ်သော စာရင်းစစ်ချုပ်ရုံးသည် ကျိုးကြောင်းခိုင်မာသည့် လူသားအရင်းအမြစ်၊ အဆောက်အအုံပစ္စည်းများနှင့် ငွေကြေးအရင်းအမြစ်များ ရရှိစေသင့်ပြီး အုပ်ချုပ်ရေးက ဤအရင်းအမြစ်များအပေါ်နှင့် စာရင်းစစ်ချုပ်ရုံး၏ ၎င်းကိုယ်ပိုင်ဘတ်ဂျက်များ စီမံခန့်ခွဲမှုနှင့် သင့်လျော်သလို လျာထားမှုများအပေါ် ထိန်းချုပ်ခြင်း သို့မဟုတ် ညွှန်ကြားကွပ်ကဲခြင်းများ မပြုလုပ်သင့်ပါ။ ထို့အပြင် ယင်းစာရင်းစစ်အဖွဲ့အစည်း၌ ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် သင့်လျော်သော အရင်းအမြစ် ရရှိစေရေးနှင့် ထိုလုပ်ပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ရန်ပံ့ပိုးပေးသော အရင်းအမြစ်များသည် မလုံလောက်ခဲ့လျှင် ဥပဒေပြုရေးထံသို့ တိုက်ရိုက်အယူခံတောင်းဆိုခွင့် ရရှိစေရန် ဥပဒေပြုရေးမဏ္ဍိုင် သို့မဟုတ် ယင်းမဏ္ဍိုင်၏ ကော်မရှင်တစ်ရပ်ရပ်က တာဝန်ယူပေးရပါမည်။[၅]

စာရင်းစစ်အစီရင်ခံစာများကို လွှတ်တော်သို့တင်သွင်းသည်နှင့် တစ်ပြိုင်နက် စာရင်းစစ်ချုပ်ရုံးသည် ၎င်း၏ ကိုယ်ပိုင်စာရင်းစစ်အစီရင်ခံစာများကို ထုတ်ဝေပြီး အများပြည်သူရရှိနိုင်အောင် ဆောင်ရွက်သင့်ပါသည်။

ပြည်သူ့ပိုက်ဆံများ အသုံးပြုမှုအား စိစစ်ထိန်းကျောင်းမှုကို တိုးတက်စေရန် စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်များသည် ဆုံးရှုံးနိုင်ခြေ-အခြေပြုစာရင်းစစ်ခြင်းနှင့် စွမ်းဆောင်ရည်စာရင်းစစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စွမ်းရည် ပိုမိုလိုအပ်ပါသည်။ ဌာန၏ စွမ်းရည်ထိရောက်မှုကို တိုးတက်စေရန် စာရင်းစစ်စီမံကိန်းများ ရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ခြင်းများ တိုးတက်စေရန်နှင့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် စာရင်းစစ်တွေ့ရှိချက်များကို လိုက်နာကြောင်းနှင့် အရေးယူဆောင်ရွက်ထားမှုများကို စာရင်းစစ်ချုပ်ရုံးထံသို့ ပြန်လည်အစီရင်ခံကြောင်း သေချာစေမည့် ယန္တရားတစ်ရပ် ထူထောင်ရန် လိုအပ်ပါသည်။ စာရင်းစစ်ချုပ်ရုံးသည် ပိုမိုကောင်းမွန်သော စာရင်းစစ်စီမံကိန်းရေးဆွဲခြင်းနှင့် ကွန်ပျူတာစနစ်သုံး လိုက်လံ-စစ်ဆေးမှု နည်းစနစ်တစ်ရပ်ကို ပံ့ပိုးနိုင်ရန် သတင်းအချက်အလက် နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသင့်ပါသည်။ အဆိုပါ လိုက်လံ-စစ်ဆေးနည်းစနစ်သည် စာရင်းစစ်ချုပ်ရုံးအား ဝန်ကြီးဌာနများနှင့် ဌာနများသည် စာရင်းစစ် တွေ့ရှိချက်ရလဒ်များနှင့် ထောက်ခံချက်များအတိုင်း နာခံလုပ်ဆောင်မှုကို စောင့်ကြည့်စစ်ဆေးနိုင်စေမည်ဖြစ်သည်။

***လွှတ်တော်၏ စိစစ်ထိန်းကျောင်းမှုကို တိုးတက်ခိုင်မာစေရန် လုပ်ဆောင်ပါ။***

ဘတ်ဂျက်ဖြစ်စဉ်အပေါ် လွှတ်တော်၏ စိစစ်ထိန်းကျောင်းမှုကို တိုးတက်စေရန် လွှတ်တော်အမတ်များ၏ အဓိပ္ပါယ်ပြည့်ဝသော ဘတ်ဂျက်ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုကို လုပ်ဆောင်နိုင်စေမည့် စွမ်းရည်များ တည်ဆောက်ပေးသင့်ပါသည်-

(က) ဘတ်ဂျက်အထောက်အထားနှင့် စီမံကိန်းများတွင်ပါရှိသော အစိုးရအစီအစဉ်များနှင့် အခွန်ရငွေများ၊ အသုံးစရိတ်များဆိုင်ရာ သတင်းအချက်အလက်များကို ဖြည့်ထုတ်ကြည့်ရှုတတ်စေရန် ဘတ်ဂျက်ဖြစ်စဉ် ရက်တိုသင်တန်းအစီအစဉ်များ ဆောင်ရွက်ခြင်း။

ခ) ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၊ ဥပဒေကြမ်း ပူးပေါင်း

---

[၂] ရော်ဂျာ်ရော့တန်၊ ဇင်ဝင့်ရည်နှင့် ခင်ပွင့်ဦး၊ မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဘဏ္ဍာငွေကြေးလျာထားခြင်း၊ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ထွက်ပေါ်ရလဒ်များ၊ ဒီဇင်ဘာ ၂၀၁၆၊ ရီနေဆွန်းအင်စတီကျု၊ အာရှဖောင်ဒေးရှင်း၊ http://www.burmalibrary.org/docs23/AF-2017-02-08-State-and-Region-Financing-Budgeting-and-Planning-in-Myanmar-en-tpo-red.pdf

[၃] မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၂၄၅။

[၄] အပြည်ပြည်ဆိုင်ရာ အမြင့်ဆုံးစာရင်းစစ်အင်စတီကျူးရှင်းများအဖွဲ့အစည်း (အိုင်အင်တီအိုအက်စ်အေအိုင်)၊ အက်စ်အေအိုင် အမှီခိုကင်းမှုနှင့်ဆက်နွယ်သော အိုင်အင်တီအိုအက်စ်အေအိုင်လမ်းညွှန်များနှင့် အလေ့အထကောင်းများ (ဗီယင်နာ-အိုင်အင်တီအိုအက်စ်အေအိုင်၊ အင်ဒီ) https://static1.squarespace.com/static/57019a6db6aa607cbb909ab2/t/5799315f29687f4a1f0619e3/1469657441073/3.4++ISSAI+11+-+INTOSAI+Guidelines+and+Good+Practices+Related+to+SAI+Independence.pdf.

[၅] အထက်ပါ အောက်ခြေမှတ်စု ၄ တွင် ဖော်ပြသည့်အတိုင်း။

ကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီများကဲ့သို့သော ဥပဒေပြု ကော်မတီများ၏ အဖွဲ့ဝင်များကို ဦးတည်ပြီး ၎င်းတို့အား ဘတ်ဂျက်ကို ပိုမိုထိရောက်စွာ အနီးကပ် စောင့်ကြည့်စစ်ဆေးနိုင်ပြီး ဘတ်ဂျက်အဆိုပြုများကို ဆန်းစစ်ရာတွင် သတင်းအချက်အလက် အပြည့်အဝလက်ခံရရှိသည့် အခန်းကဏ္ဍကို ဆောင်ရွက်နိုင်စေမည့် သင်တန်းအစီအစဉ်များ တိုးတက်ဆောင်ရွက်ခြင်း။

ကော်မတီများအတွက် ရန်ပုံငွေနှင့် ဝန်ထမ်းများ ပြည့်စုံအောင် အရင်းအမြစ်လျာထားပေးရမည်။ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအတွက် ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒများ အကောင်ထည်ဖော်ခြင်းနှင့် အခွန်/အကောက်နှင့်အသုံးစရိတ် ကြိုတင်ခန့်မှန်းခြင်းများတွင် ကျွမ်းကျင်သည့်အကြံပေးများ ခန့်အပ်ပေးသင့်ပါသည်။ လေ့ကျင့်သင်ကြားပေးထားသော သုတေသနသမားများပါဝင်သည့် အဖွဲ့ငယ်တစ်ခုကို ဖွဲ့စည်းပေးပြီး ဘတ်ဂျက်မတိုင်မီနှင့် ဘတ်ဂျက်ပြဋ္ဌာန်းပြီး အချက်အလက်ဆန်းစစ်မှုများပြုလုပ်စေပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက အပြန်အလှန်ပြောဆိုရာတွင် အထောက်အကူပေးစေခြင်းအားဖြင့် ကော်မတီကို ပိုမိုထိရောက်အောင် အကူအညီပေးနိုင်ပါသည်။

ကော်မတီများ၊ ဥပဒေပြုအမတ်များသည် ဘတ်ဂျက်ကို ဆွေးနွေးအတည်ပြုရန် လုံလောက်သောအချိန် ရရှိရမည်ဖြစ်သည်။ လွှတ်တော်နှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ဘတ်ဂျက်အဆိုပြုများကို စေ့စီးစွာ စိစစ်သုံးသပ်နိုင်ရန် နှစ်စဉ် ဘတ်ဂျက်အချိန်ဇယားကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရပါမည်။

## ဘတ်ဂျက်စက်ဝန်းတွင် ပြည်သူ ပူးပေါင်းပါဝင်နိုင်ရန် ပြည်သူလူထုကို လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

အဓိပ္ပါယ်ပြည့်ဝသော အများပြည်သူဆိုင်ရာ ဘဏ္ဍာရေးသတင်းအချက်အလက်များမှာ အတော်အတန် အကန့်အသတ်ဖြင့်သာ ရှိနေခြင်းက ဤအရေးကိစ္စများတွင် ပြည်သူ၏ ချိတ်ဆက်လုပ်ဆောင်မှုအခွင့်အရေးကို လျော့ကျစေပြီး ရရှိနိုင်သော သတင်းအချက်အလက်များတွင်လည်း ဘတ်ဂျက်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများက ထိရောက်သည့် အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်နိုင်မည့် ဘတ်ဂျက်လျာထားမှုဆိုင်ရာ သိနားလည်မှု အနည်းငယ်သာ ပါရှိပါသည်။

နိုင်ငံသား ပိုမိုပါဝင်မှုဆီသို့ ရှေ့ရှုသော ပထမခြေလှမ်းသည် စီမံကိန်းနှင့် ဘတ်ဂျက်မှတ်တမ်းမှတ်ရာများကို လွယ်ကူစွာ နားလည်စေနိုင်မည့် ပုံစံဖြင့် အများပြည်သူရရှိနိုင်စေရန် ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရ၏ အခွန်ရငွေများ၊ အသုံးစရိတ်များနှင့် ငွေကြေးလျာထားမှု ဘက်စုံဖော်ပြထားသည့် အရအသုံးငွေစာရင်းဥပဒေကို ပုံနှိပ်ထုတ်ဝေပေးသင့်ပါသည်။

ရပ်ရွာအခြေပြုအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာနှင့် ပြည်သူလူထုများ အကြား စီမံကိန်းရေးဆွဲမှုနှင့် အရအသုံးငွေစာရင်းရေးဆွဲမှု ဖြစ်စဉ်များအကြောင်း သိမြင်မှုကို တည်ဆောက်ပြီး ဘတ်ဂျက် ဗဟုသုများကို တိုးမြင့်စေရမည်။ အစိုးရသည် စီမံကိန်းရေးဆွဲခြင်း နှင့် အရအသုံးငွေစာရင်းရေးဆွဲခြင်း ဖြစ်စဉ်ဆိုင်ရာ လမ်းညွှန်သင်ခန်းစာများရေးဆွဲပြီး လွှတ်တော်ရုပ်မြင်သံကြားလိုင်း စသည့် ရုပ်မြင်သံကြားလိုင်းများမှ ပြည်သူလူထုကို ပညာပေးသင့်ပါသည်။ မြန်မာအစိုးရနှင့် ၎င်း၏ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အရပ်ဖက်လူမှု အသိုက်အဝန်းအားလုံးသည် ဤသို့လုပ်ဆောင်ရန် အရေးကြီးသော ကဏ္ဍတွင် ပါဝင်နေကြပါသည်။

အဓိပ္ပါယ်ပြည့်ဝသော ပြည်သူ့ပါဝင်မှုကို တိုးမြှင့်ရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ထူထောင်ရမည်။ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲသည့်အဆင့်တွင် ဥပမာအားဖြင့် ကျေးရွာကော်မတီများက ရေးဆွဲထားသော အကောင်ထည်ဖော်စီမံကိန်းများကို မြို့နယ်ဘတ်ဂျက်တွင် ထည့်သွင်းပြီး ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များသို့ ဆက်လက်ထည့်သွင်းစေသင့်ပါသည်။ ဒေသအဆင့်တွင် ပိုက်ဆံများ မည်သို့သုံးစွဲနေသည်ကို စောင့်ကြည့်စစ်ဆေးရန် ကျေးရွာခေါင်းဆောင်များပါဝင်သည့် နည်းလမ်းတစ်ရပ်ကို ထူထောင်သင့်ပါသည်။ ဤနည်းလမ်းက အစိုးရအား ရွာတစ်ရွာ သို့မဟုတ် အစီအစဉ်တစ်ရပ်အတွက် ဘတ်ဂျက်မည်မျှ လျာထားကြောင်းကို ထုတ်ပြန်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံသားများအား ပြည်သူ့ငွေကြေးများ အလွဲသုံးမှု၊ အဂတိလိုက်စားမှု သို့မဟုတ် မမှန်မကန်အသုံးပြုခြင်းတို့အကြောင်း အမည်မဖော်ဘဲ တိုင်ကြားခြင်း အပါအဝင် တရားဝင်တိုင်ကြားခွင့်ပြုသင့်ပြီး တိုင်ကြားမှုများအား စုံစမ်းစစ်ဆေးရန် ဘက်မလိုက်သော အာဏာပိုင်အဖွဲ့တစ်ခုကို ဖော်ထုတ်ပေးသင့်ပါသည်။ မည်သည့် စုံစမ်းစစ်ဆေးမှုမဆို၏ တွေ့ရှိချက်များကို အများပြည်သူသိရှိနိုင်သော နေရာတွင် ပြသထားရမည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အစိုးရအား မြန်မာနိုင်ငံအတွင်း ပြီးခဲ့သောနှစ်များအတွင်း သင်ယူရရှိခဲ့သည်များအား လက်ဆင့်ကမ်းပေးခြင်းအားဖြင့် ကူညီပေးနိုင်ပါသည်။ ထို့အတူ အခြားတိုင်းပြည်များတွင် အသုံးပြုသော နည်းလမ်းများ၊ နည်းကိရိယာများကိုလည်း လက်ဆင့်ကမ်းပေးနိုင်ပါသည်။

အောက်ပါဇယားတွင် အရအသုံးငွေစာရင်း စောင့်ကြည့်စစ်ဆေးခြင်းနှင့် တာဝန်ခံယူမှုကို တိုးတက်စေရန် ကာလတို (နောက်တစ်နှစ်အတွင်း)နှင့် ရေရှည် (လာမည့် ၃ နှစ် မှ ၅ နှစ်အတွင်း) မူဝါဒရွေးချယ်မှုများအား အဆိုပြု တင်ပြထားပါသည်။

| ရည်ရွယ်ချက် | ကာလတို ရွေးချယ်မှုများ | ကာလရှည် ရွေးချယ်မှုများ |
|---|---|---|
| ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုကို တိုးတက်ခိုင်မာစေရန်။ | ပြည်ထောင်စု အရအသုံးငွေစာရင်း ဥပဒေကို အွန်လိုင်းနှင့် အစိုးရသတင်းစာများတွင် ထုတ်ပြန်နိုင်ပါသည်။<br><br>ပြည်နယ်/တိုင်းဒေသကြီး အရအသုံး ငွေစာရင်း ဥပဒေများကို အွန်လိုင်းနှင့် အစိုးရသတင်းစာ များတွင် ထုတ်ပြန်နိုင်သည်။<br><br>ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက်ကို အွန်လိုင်း တွင် ထုတ်ပြန်ထားနိုင်ပါသည်။ | နှစ်အတွင်းအစီရင်ခံစာနှင့် နှစ်ပတ်လည် အစီရင်ခံစာတို့ကဲ့သော ဘတ်ဂျက် အထောက်အထားများကို ထုတ်ဝေပြီး အများပြည်သူရရှိနိုင်စေရန် ဆောင်ရွက်ပါ။<br><br>ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်အကြား ခြားနားမှုကို ပယ်ဖျက်ပြီး ငွေစာရင်းနှင့် ဘတ်ဂျက် အမျိုးအစား ခွဲခြားမှုစနစ်များကို နိုင်ငံတကာ စံနှုန်းများနှင့်ညီအောင် ပြုပြင် ပြောင်းလဲနိုင်ပါသည်။ |
| စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဖြစ်စဉ်များကို ပြန်လည် မွမ်းမံရန်။ | အမြင့်ဆုံးဘတ်ဂျက်သတ်မှတ်ချက် (အများ ဆုံးရရှိနိုင်မည့် ရသုံးခန့်မှန်းခြေ ပမာဏ) နှင့် ဘတ်ဂျက်ပြက္ခဒိန်များကို ဘတ်ဂျက် စက်ဝန်း၏ အစောပိုင်းအဆင့်တွင် ကြေငြာပေးနိုင်ပါသည်။<br><br>နှစ်လတ် ဘဏ္ဍာရေးမူဘောင် ဆန်းစစ်ချက်ကို အများပြည်သူဆိုင်ရာ နေရာများတွင် ထားရှိနိုင် သည်။<br><br>ဘက်စုံ ဘဏ္ဍာရေးနှင့် ပစ္စည်းဝယ်ယူ တင်သွင်းမှု စည်းမျဉ်းများ ရေးဆွဲနိုင်ပါသည်။ | ရင်းနှီးမြှုပ်နှံမှုနှင့် ထပ်ပြန် သာမန်အသုံးစရိတ် တို့၏ ကုန်ကျစရိတ် အပြည့်အစုံပါရှိသော ကဏ္ဍအလိုက် ဗျူဟာများ ပြင်ဆင်ရေးဆွဲနိုင် ပါသည်။<br><br>စာချုပ်များနှင့် ငွေပေးချေမှုများအတွက် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ဖွဲ့စည်းလျှက် ပြည်သူ့ အဖွဲ့အစည်းများအတွက် ပစ္စည်းဝယ်ယူတင်သွင်းမှု ဥပဒေတစ်ရပ်ကို ရေးဆွဲပါ။ ပြည်သူ့ပစ္စည်း ဝယ်ယူတင်သွင်းရာ တွင် ထင်သာမြင်သာဖြစ်မှုနှင့် တာဝန်ခံယူမှု တိုးတက်စေရန် ထိုကဲ့သို့သော ငွေပေးချေမှု များအားလုံး၏ အခြေခံ သတင်းအချက်အလက် များကို အများပြည်သူသိရှိနိုင်စေရန် လုပ်ဆောင်ထားနိုင်ပါသည်။ |
| ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ကို ထင်သာမြင်သာနှင့် ကျိုးကြောင်းဆီလျော်စွာ ဦးစားပေးသတ်မှတ်ခြင်း အား သေချာစေရန်။ | စီမံချက်များကို ဦးစားပေးသတ်မှတ်ရန် စံချိန်စံညွှန်းများ၊ စည်းမျဉ်းများနှင့် လုပ်ထုံး လုပ်နည်းများ ရေးဆွဲဖော်ထုတ်နိုင်ပါသည်။ | ထိုစံချိန်စံညွှန်းများ၊ စည်းမျဉ်းများနှင့် လုပ်ထုံး လုပ်နည်းများကို ပုံနှိပ်ထုတ်ဝေပြီး တပြေးညီ ကျင့်သုံးကြောင်း သေချာစေရန် ပြန်လည် သုံးသပ်မှုများ ဆောင်ရွက်နိုင်ပါသည်။ |
| ပြည်သူ့ချိတ်ဆက်မှုနှင့် ပြန်လည်အကြံပေးမှုများ ကို မြှင့်တင်ရန်။ | စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဖြစ်စဉ်များ ပိုမိုသိမြင်လာစေရန်နှင့် ဘတ်ဂျက် သိမြင် နားလည်မှုကို တိုးမြင့်လာစေရန် လုပ်ဆောင် နိုင်ပါသည်။<br><br>ပြည်သူ့ဆွေးနွေးပွဲများ ဆောင်ရွက်ပြီး ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက်အပေါ် တုံ့ပြန်မှုများ ရယူနိုင်ပါသည်။ | ရပ်ရွာခေါင်းဆောင်များကို အစိုးရ၏ ပိုက်ဆံများ ဒေသန္တရအဆင့်၌ သုံးစွဲနေပုံကို စောင့်ကြည့် စစ်ဆေးစေနိုင်မည့် နည်းလမ်းတစ်ရပ် ဖော်ထုတ်နိုင်ပါသည်။<br><br>ကျေးရွာကော်မတီများကရေးဆွဲထားသော အကောင်ထည်ဖော် စီမံကိန်းများကို မြို့နယ် ဘတ်ဂျက်တွင် ထည့်သွင်းပြီး ပြည်နယ်/ တိုင်းဒေသကြီး ဘတ်ဂျတ်များသို့ ဆက်လက် ထည့်သွင်းစေသင့်ပါသည်။ |

| ရည်ရွယ်ချက် | ကာလတို ရွေးချယ်မှုများ | ကာလရှည် ရွေးချယ်မှုများ |
| --- | --- | --- |
| | | နိုင်ငံသားများမကျေနပ်ချက်များကို တိုင်တန်းနိုင်ရန် တရားဝင်နည်းလမ်းတစ်ရပ် ထူထောင်နိုင်ပြီး စုံစမ်း စစ်ဆေးမှုရလဒ်များကို ထုတ်ပြန်ပေးနိုင်ပါသည်။ |
| စွမ်းဆောင်ရည်နှင့် တန်ဖိုး အကဲဖြတ်မှု နည်းလမ်း တစ်ရပ်ကို တည်ဆောက်ရန်။ | ဌာနတွင်းစာရင်းစစ်စနစ်ကို အားကောင်းခိုင်မာစေပြီး ထိုဌာနဝန်ထမ်းများ၏ စွမ်းရည် ကို တည်ဆောက်ပေးနိုင်ပါသည်။<br><br>ဌာနတွင်း စာရင်းစစ်လက်စွဲတစ်စောင်ကို ရေးဆွဲနိုင်ပါသည်။<br><br>တက္ကသိုလ်များကဲ့သို့ ကိုယ်ပိုင် လုပ်ပိုင်ခွင့်ရ အဖွဲ့အစည်းများက အမှီအခိုကင်းစွာ တန်ဖိုး အကဲဖြတ်နိုင်မည့် ဖြစ်နိုင်ချေများကို ရှာဖွေနိုင်ပါသည်။ | ဌာနတွင်း စာရင်းစစ် ပြန်တမ်းတစ်ခုနှင့် ဌာနတွင်း စာရင်းစစ်ကော်မတီတစ်ရပ် ထူထောင်နိုင်ပါသည်။<br><br>အစီအစဉ်များ၊ စီမံချက်များကို အလှည့်ကျ တန်ဖိုး အကဲဖြတ်ရန် လက်ရှိ အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို ပြုပြင်မွမ်းမံပြီး ထိုတန်ဖိုးအကဲဖြတ်မှုများက ဘတ်ဂျက်ဖြစ်စဉ်ကို အချက်အလက်ပေးပို့နိုင်မည့် ယန္တရားတစ်ရပ် ဖန်တီးနိုင်ပါသည်။<br><br>အမှီအခိုကင်းသည့် တန်ဖိုးအကဲဖြတ်ခြင်းကို လုပ် ဆောင်ရန် သတ်မှတ်ခံထားရသည့် အဖွဲ့အစည်း၏ စွမ်းရည်ကို တည်ဆောက်ပေးနိုင်ပါသည်။ |
| ပြည်သူ့ငွေကြေးများ စိစစ်ထိန်းကျောင်းမှုကို တိုးတက်စေရန်။ | ဥပဒေပြုအမတ်များနှင့် ကော်မတီ အဖွဲ့ဝင်များ၏ စွမ်းရည်ကို တည်ဆောက်ပေးနိုင်ပါသည်။<br><br>စွမ်းဆောင်ရည် စာရင်းစစ်ခြင်း လုပ်ဆောင်ရန် စာရင်းစစ်ချုပ်ရုံး၏ စွမ်းရည်ကို တည်ဆောက်ပေးနိုင်ပါသည်။ | အမှီအခိုကင်းမှုအား တိုးတက်စေရန် စာရင်းစစ်ချုပ် နှင့် ဒုတိယစာရင်းစစ်ချုပ်များ၏ ရာထူးသက်တမ်း လုံခြုံမှုကို ထောက်ပံ့ပေးနိုင်ပါသည်။ |

The Asia Foundation

Improving Lives, Expanding Opportunities